ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်

# အထွေထွေအုပ်ချုပ်ရေးစနစ်များပြောင်းလဲလာပုံနှင့် "ပြည်သူနှင့်အတူ" ရည်မှန်းချက်ကိုဖော်ဆောင်နေသည့် အဓိကလုပ်ငန်းတာဝန်များ

**အကျဉ်းချုပ်**

"ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်က" ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူဗဟိုပြု ဒေသဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အထွေထွေအုပ်ချုပ်ရေးသည် သက်ဦးဆံပိုင်ဘုရင်စနစ်မှစ၍ ခေတ်ကာလအပြောင်းအလဲများအောက်တွင် ခေတ်စနစ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်၍ အုပ်ချုပ်ခဲ့ပါသည်။ အထွေထွေအုပ်ချုပ်ရေးသည် ခေတ်စနစ်၊ နိုင်ငံရေးစနစ်များနှင့်အညီ နိုင်ငံတော်တစ်ဝှမ်း အုပ်ချုပ်ရေးအာဏာပျံ့နှံ့ထိရောက်စေရန် အစဉ်အဆက်တာဝန်ထမ်းဆောင်ခဲ့ကြရသည်။ ဤစာတမ်းတိုတွင် ပြောင်းလဲလာသော မြန်မာနိုင်ငံအုပ်ချုပ်ရေးနောက်ခံသမိုင်းနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပုံ၊ ပြည်သူနှင့်အတူဟူသော နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ ၂၀၁၆ ခုနှစ်မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တာဝန်ယူဆောင်ရွက်ရသော ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ အကောင်အထည်ဖော်နိုင်မှုများကို ဖော်ပြထားပါသည်။

**သုတေသနစာတမ်းတိုအမှတ်စဉ် (၁၄၇)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်များဖော်ပြခြင်း နည်းနာနိဿယများ | ၄ |
| ၄။ | မြန်မာနိုင်ငံအုပ်ချုပ်ရေး နောက်ခံသမိုင်းနှင့် ပြောင်းလဲပုံအဆင့်ဆင့် | ၄ |
| ၅။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု | ၁၀ |
| ၆။ | လက်ရှိအစိုးရလက်ထက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ | ၁၃ |
| ၇။ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်များ | ၁၄ |
| ၈။ | အထွေထွေအုပ်ချုပ်ရေးပြောင်းလဲမှုကြောင့် အကျိုးသက်ရောက်မှုများ | ၁၅ |
| ၉။ | စိန်ခေါ်မှုများ | ၁၅ |
| ၁၀။ | COVID-19 ကပ်ရောဂါထိန်းချုပ်ရာတွင် အထွေထွေအုပ်ချုပ်ရေး၏အခန်းကဏ္ဍ | ၁၆ |
| ၁၁။ | နိဂုံး | ၁၇ |

## နိဒါန်း

၁။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် ခေတ်အဆက်ဆက် အစဉ်အဆက်အုပ်ချုပ်ရာမှ အစပြု၍ ဗြိတိသျှကိုလိုနီခေတ်ကို ဖြတ်သန်းခဲ့ရသကဲ့သို့ ယခုဒီမိုကရေစီခေတ်ကာလအထိ ရှည်လျားစွာ ရှိခဲ့ပါသည်။ "အထွေထွေအုပ်ချုပ်ရေးအခန်းကဏ္ဍ" သည် သက်ဦးဆံပိုင်ဘုရင်စနစ်၊ ကိုလိုနီခေတ်စနစ်၊ တပ်မတော်အစိုးရကာလများနှင့် ပါလီမန်ဒီမိုကရေစီစနစ်တို့တွင် ခေတ်အဆက်ဆက် အုပ်ချုပ်မှုတာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရသည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းနှင့် စီမံခန့်ခွဲပေးရန် အဖွဲ့အစည်းတစ်ရပ်လိုအပ်ခြင်းမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့သောမြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် "Graded Territorial System" ဟုခေါ်ဆိုသည့် နယ်မြေဒေသများအား အထက်အောက်ဖွဲ့စည်းမှုအဆင့်ဆင့်ဖြင့် ဗဟိုမှဒေသအဆင့်အထိခွဲခြားပြီး စီမံအုပ်ချုပ်သည့်စနစ် ဖြစ်ပါသည်။ အုပ်ချုပ်ရေးယန္တရားနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိကတာဝန်သည် အထက်အောက် အုပ်ချုပ်မှုအဆင့်ဆင့်နှင့် နယ်မြေဒေသအရခွဲခြားအုပ်ချုပ်မှုအဆင့်တိုင်းတွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကိစ္စရပ်များကို စီမံဆောင်ရွက်ရခြင်း ဖြစ်ပါသည်။[1]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတိုအား ရေးသားရခြင်း၏ရည်ရွယ်ချက်သည် –

(က) မြန်မာနိုင်ငံ၏ အထွေထွေအုပ်ချုပ်ရေးကဏ္ဍသည် ခေတ်စနစ်တိုင်း၏အုပ်ချုပ်ရေးယန္တရားတွင် အဓိကကျသည့်အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်လျက်ရှိသည်ကို သိရှိရန်၊

(ခ) မြန်မာနိုင်ငံ၏ အထွေထွေအုပ်ချုပ်ရေးစနစ်သည် ခေတ်အဆက်ဆက်တွင် ပြောင်းလဲလာမှုအခြေအနေများနှင့်အညီ ၎င်းတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို သိရှိစေရန်အတွက် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

---

[1] ကြည်ပြာချစ်စောနှင့် မက်သယူးအာနိုးလ်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပတ်သက်၍ လေ့လာတင်ပြချက်၊ ဆွေးနွေးချက်စာတမ်းအမှတ်–၆၊ The Asia Foundation၊ မတ်လ၊ ၂၀၁၅ ခုနှစ် မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

## အချက်အလက်များဖော်ပြခြင်း နည်းနာနိဿယများ

၃။ ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို အစိုးရ Website များမှထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ သတင်းစာများ၊ ဂျာနယ်များနှင့် The Asia Foundation မှ ထုတ်ဝေသော သုတေသနစာတမ်းများမှ ရယူကောက်နုတ်တင်ပြထားပါသည်။

## မြန်မာနိုင်ငံအုပ်ချုပ်ရေး နောက်ခံသမိုင်းနှင့် ပြောင်းလဲပုံအဆင့်ဆင့်

၄။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) သည် အဓိကကျသည့် ကျောရိုးတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် သမိုင်းကြောင်းရှည်လျားသည်နှင့်အမျှ အုပ်ချုပ်ရေးသမိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများစွာလည်း ရှိခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားကိုပြန်လည်လေ့လာရာတွင် မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ရှိစဥ်အခါမှစ၍ နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားသည် မှူးကြီးမတ်ရာ၊ သေနာပတိ၊ မြို့စား၊ နယ်စား၊ ရွာစားစသည်တို့ကိုမဏ္ဍိုင်ပြု၍ ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့မှ မြန်မာနိုင်ငံကိုသိမ်းယူခဲ့ပြီးနောက်တွင် ကိုလိုနီအုပ်ချုပ်ရေးစနစ်သို့ သွတ်သွင်းအုပ်ချုပ်ခဲ့သည်ကိုတွေ့ရှိရပါသည်။[2]

၅။ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်အုပ်ချုပ်ရေးပြောင်းလဲခဲ့ပုံ အဆင့်ဆင့်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **ဘုရင်စနစ်အုပ်ချုပ်ရေး။** မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးစနစ်သည် နယ်မြေဒေသများကိုအထက်အောက်ဖွဲ့စည်းမှုအဆင့်ဆင့်ဖြင့် ဇဟိုအဆင့်မှ ဒေသအဆင့်အထိ ခွဲခြားထားပြီးစီမံအုပ်ချုပ်သည့် စနစ်ဖြစ်ပါသည်။ ၎င်းစနစ်ကိုပဒေသရာဇ် ဘုရင်များ လက်ထက်တွင် စတင်ခဲ့ပြီးဗဟိုစနစ်အုပ်ချုပ်ရေးသည် ပုဂံခေတ်မှ စတင်ခဲ့ပါသည်။ ဗဟိုအဆင့်အုပ်ချုပ်ရေးတွင် ဘုရင်၏မှူးမတ်ဝန်ကြီးများပါဝင်သည့် "လွှတ်တော်" တစ်ရပ်ကို ထီးလိုမင်းလိုဘုရင် (၁၂၁၀-၁၂၃၄) လက်ထက်တွင်

[2] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ https://tinyurl.com/zrg63xt မှကောက်နုတ်ထားပါသည်။

ဖွဲ့စည်းခဲ့ပါသည်။ ဘုရင်စနစ်အုပ်ချုပ်ရေးတွင် ဝန်ကြီး၊ မှူးမတ်များ၊ သေနာပတိ၊ မြို့စား၊ နယ်စား၊ ရွာစားစသည်တို့ကို မဏ္ဍိုင်ပြု၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။[3]

(ခ) **ကိုလိုနီခေတ်အုပ်ချုပ်ရေး။** ကိုလိုနီခေတ် မြန်မာနိုင်ငံအုပ်ချုပ်ရေးသည် စစ်ရေးအသွင်ဖြင့်စတင်အုပ်ချုပ်ခဲ့ပြီး အောက်မြန်မာနိုင်ငံနှင့် အထက်မြန်မာနိုင်ငံကို ပေါင်းစည်း၍အိန္ဒိယဘုရင်ခံချုပ်မှ ခန့်အပ်သောမဟာဝန်ရှင်တော်မင်းကြီး (Chief Commissioner) မှ အုပ်ချုပ်ခဲ့ပါသည်။ ထို့နောက် ၁၈၉၇ ခုနှစ်တွင် ဒုတိယဘုရင်ခံချုပ်အုပ်ချုပ်သည့် ပြည်နယ်အဖြစ်တိုးမြှင့်ခဲ့ပြီး ၁၉၀၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းဝန်များရုံးမှ "ကိုဓ" ဥပဒေကို ပြဋ္ဌာန်းကာ အတွင်းဝန်ချုပ်မှ အစိုးရအဖွဲ့ကို တာဝန်ခံ၍ အထွေထွေအုပ်ချုပ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ကိုလိုနီခေတ်မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်ကို ဒိုင်အာခီမတိုင်မီအုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေးနှင့် ၉၁ ဌာနအုပ်ချုပ်ရေး စသည့်စနစ်များဖြင့် အုပ်ချုပ်ခဲ့ပြီး ကာလ (၃) ပိုင်းခွဲခြားနိုင်ပါသည်။[4]

(ဂ) **ပါလီမန်ဒီမိုကရေစီခေတ်အုပ်ချုပ်ရေး။** ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိကာလသည် ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးကာလဖြစ်ပါသည်။ ထိုကာလတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် အစိုးရအတွင်းဝန်ရုံးအဖြစ်တာဝန်ခံ၍ တစ်နိုင်ငံလုံး၏ အုပ်ချုပ်ရေးတာဝန်ကို ဆောင်ရွက်ပေးရပါသည်။ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုကိစ္စအဝဝကိုဆောင်ရွက်ရန် ဝန်ကြီးဌာနများ (Functional Ministries) များဖွဲ့စည်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာနလည်းပါဝင်၍ ဝန်ကြီးဌာန တစ်ခုချင်းအလိုက် လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရေးအတွက် အတွင်းဝန်များရုံးကို ဖွဲ့စည်းခဲ့ပါသည်။ ပြည်မတွင် နိုင်ငံတော်အစိုးရအဖွဲ့ကိုယ်စား ပြည်ထဲရေးဝန်ကြီး

[3]ကြည်ပြာချစ်စောနှင့် မက်သယူးအာနိုးလ်၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်သက်၍လေ့လာတင်ပြချက်၊ ၂၀၁၅ ခုနှစ်၊ မတ်လထုတ်ဆွေးနွေးချက်စာတမ်းအမှတ်-၆ မှ ရရှိပါသည်။

[4] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ https://tinyurl.com/zrg63xt မှကောက်နုတ်ထားပါသည်။

ဌာနက အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အဓိကထား၍ တာဝန်ယူအုပ်ချုပ်စေခဲ့ပါသည်။ ဝန်ကြီးသည် အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာ "မူဝါဒ" များ ချမှတ်ပြီး အတွင်းဝန်က လုပ်ငန်း အောင်မြင်ရေးအတွက် ကြီးကြပ်ကွပ်ကဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် ဝန်ကြီးဌာနအသီးသီးနှင့် အတွင်းဝန်ရုံး အဖွဲ့များတွင် အတွင်းဝန်၊ ဒုတိယအတွင်းဝန်နှင့် အတွင်းဝန်ကလေးများအဖြစ် လည်းကောင်း၊ နယ်များတွင် တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်၊ လက်ထောက်မြို့ပိုင်များအဖြစ်လည်းကောင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါ သည်။ ၁၉၅၇ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အတွင်းဝန်ရုံးအား ဝန်ကြီးချုပ်ရုံးအောက်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက် တွင်ကျန်ရှိခဲ့သည့် အတွင်းဝန်များအနေဖြင့် အထွေထွေအုပ်ချုပ်ရေးအတွက် ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခွဲနှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဌာနခွဲဟူ၍ ဦးစီးဌာန (၂) ခုအသစ် ဖွင့်လှစ်ခဲ့ပါသည်။ အုပ်ချုပ်ရေးကဏ္ဍတွင် ပထဝီဝင်ဒေသအပိုင်း အခြားအလိုက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုများ အဖြစ်သတ်မှတ်ထားပြီး တိုင်းမင်းကြီး၊ ဒုတိယတိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်၊ လက်ထောက်မြို့ပိုင်နှင့် သူကြီးများမှ တာဝန်ယူ အုပ်ချုပ်ခဲ့ကြပါသည်။ တောင်တန်းဒေသအုပ်ချုပ်ရေးဌာနတွင် ပူတာအို၊ ကွန်လုံနှင့် လောက်ကိုင်ဒေသများအား အုပ်ချုပ်ခဲ့ပါသည်။[5]

[5] ကြည်ပြာချစ်စောနှင့် မက်သယူးအာနိုးလ်၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်သက်၍ လေ့လာ တင်ပြချက်၊ ၂၀၁၅ ခုနှစ်၊ မတ်လထုတ်ဆွေးနွေးချက်စာတမ်းအမှတ်-၆ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်)

(ဃ) **တော်လှန်ရေးကောင်စီခေတ်(၁၉၆၂-၁၉၇၄)။** ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းပြီးနောက်တွင် ပြည်နယ်နှင့် လူမျိုးစုလွှတ်တော်တို့ ပါဝင်သည့် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်ကိုဖျက်သိမ်းခဲ့ပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ကိုရပ်ဆိုင်းခဲ့ကာ ဗဟိုချုပ်ကိုင်မှုစနစ်ကိုစတင်တည်ထောင်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး ဒေသတွင်းထိန်းချုပ်မှုများကိုပြုလုပ်ရန်အတွက် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ (SACs) များကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာတို့တွင် အဆင့်ဆင့်ဖွဲ့စည်းခဲ့ပါသည်။ အောက်ခြေအဆင့်လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကော်မတီများနှင့်အတူ ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာကော်မတီတစ်ခုကို အပြိုင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၂ ခုနှစ် မတိုင်မီအချိန်တွင်မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို အခြေခံထားပြီး ပြုပြင်ထားသည့်စနစ်ဖြစ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီသည် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ဆိုရှယ်လစ်ဒီမိုကရေစီယန္တရား ဖော်ဆောင်နိုင်ရေးအတွက် အုပ်ချုပ်ရေးစနစ်သစ်ဖြစ်သော ဆိုရှယ်လစ်စနစ်ကို ဖော်ဆောင်ခဲ့ပါသည်။ ထိုကာလမှစ၍ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေး၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် သန်းခေါင်စာရင်းဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာနတို့ကို ပူးပေါင်းပြီးပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအဖြစ်ဖွဲ့စည်းခဲ့ပါသည်။ ၎င်းဝန်ကြီးဌာနအောက်တွင် အထွေထွေအုပ်ချုပ်ရေးဌာနသည် သီးခြားဌာနတစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

(င) **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်(၁၉၇၄-၁၉၈၈)။** မြန်မာ့ဆိုရှယ်လစ်စနစ်ကာလတွင် “ဆိုရှယ်လစ်သမ္မတနိုင်ငံ” အဖြစ်ကြေညာခဲ့ပြီး အရပ်သားအစိုးရ

ပြန်လည်အုပ်ချုပ်ခြင်းအဖြစ် သတ်မှတ်၍ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် စတင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်ခဲ့သော ၁၉၇၄ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့ကောင်စီဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ပါသည်။ "ပြည်သူ့ဒီမိုကရေစီ" ပုံစံဖြင့် နိုင်ငံတော်နှင့်ပါတီကို တထပ်တည်းဖြစ်အောင် အတူပေါင်းစပ်ခဲ့မှုသည် ထူးခြားမှတ်သားဖွယ် လက္ခဏာတစ်ရပ်ပင်ဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်ကိုလည်း ပြည်သူ့ကောင်စီအဆင့်ဆင့်၏ အခြေခံရုံးများအဖြစ် နိုင်ငံတော်ကောင်စီအောက်သို့ လွှဲပြောင်းခဲ့ပါသည်။

(စ) **နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်။** ၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ကာလသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ စီမံအုပ်ချုပ်သောကာလ ဖြစ်ပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) သည် နိုင်ငံတော်၏ကိစ္စအဝဝကို တာဝန်ယူပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ အုပ်ချုပ်မှုစနစ်အား ပြုပြင်ပြောင်းလဲမှုများ သိသိသာသာပြုလုပ်ခဲ့ပါသည်။ ထိုကာလတွင် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်း သာယာရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးနှင့် ပြည်သူများ၏ စားဝတ်နေရေး ပြေလည်စေရေးတို့ကို ဆောင်ရွက်နိုင်ရန် အုပ်ချုပ်ရေးလုပ်ငန်းများကို အဆင့်ဆင့် ပြုပြင်ပြောင်းလဲရာတွင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ရဲဝန်ထမ်းများပါဝင်သည့် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအသီးသီးတွင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ အဆင့်ဆင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတပ်မတော်မှ အုပ်ချုပ်သည့် ကာလတွင်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအောက်တွင်ရှိသော အထွေထွေဦးစီးဌာနကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဖြစ် ၇-၁၁-၁၉၈၈ ရက်နေ့မှစ၍ ပြောင်းလဲပြင်ဆင်ခဲ့ပြီး ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနကို သီးခြားဝန်ကြီးဌာနများအဖြစ် ခွဲထုတ်ခဲ့ပါသည်။ ၎င်းကာလများတွင် အထွေထွေအုပ်ချုပ်ရေး၏တာဝန်များသည် ကောင်စီအဆင့်ဆင့်၏ လုပ်ငန်းများကို အခြေပြု၍တာဝန်ယူ ဆောင်ရွက်ရပါသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အထွေထွေအုပ်ချုပ်ရေးသည် နဝတကောင်စီ အဆင့်ဆင့်နှင့် နယကကောင်စီအဆင့်ဆင့်တို့ဖြင့် ဒေသန္တရအုပ်ချုပ်ရေးများကို အဓိကဆောင်ရွက်ခဲ့ပါသည်။ ကောင်စီများတွင် တပ်မတော်မှ ဦးဆောင်မှုအခန်းကဏ္ဍကို ရယူထားပြီး ညွှန်ကြားချက်များနှင့် တာဝန်များကို အကောင်အထည်ဖော်ရာတွင် အထွေထွေအုပ်ချုပ်ရေးဌာနမှ အထွေထွေအုပ်ချုပ်ရေးနှင့်ပတ်သက်သည့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးရပါသည်။ ကောင်စီများတွင် တပ်မတော်သားများက အမြဲဦးဆောင်လေ့ရှိပြီး အတွင်းရေးမှူးအဖြစ် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌမှခန့်အပ်သူများထဲမှ တာဝန်ယူဆောင်ရွက်ကြပါသည်။ ပြည်နယ်/ တိုင်း၊ ခရိုင်နှင့် မြို့နယ်ကောင်စီအဆင့်ဆင့်အား ၎င်းနည်းတူ ပုံစံတူဖွဲ့စည်းထားပါသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများအပါအဝင် လုံခြုံရေးကဏ္ဍများကိုပါ တာဝန်ယူဆောင်ရွက်ရပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနကဲ့သို့ပင် အထွေထွေအုပ်ချုပ်ရေး၏ အဓိကရည်ရွယ်ချက်သည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ကျေးရွာနှင့် မြို့နယ်များသာယာဝပြောရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးကိစ္စရပ်များဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။[6]

[6] ဒေးဗစ်ဟုခ်၊ တင်မောင်သန်းနှင့် ကင်(မ်)နင်၊ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးအယူအဆအား နားလည်သဘောပေါက်ကြပုံ၊ The

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု

၆။ ဒီမိုကရေစီအစိုးရလက်ထက် အစိုးရသက်တမ်း ၂ ခုတွင် အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပုံကို အောက်ပါအတိုင်းတွေ့မြင်နိုင်ပါသည်–

(က) **၂၀၁၁–၂၀၁၆ ခုနှစ် အစိုးရသက်တမ်း။** နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၁ ခုနှစ်တွင် ကြေငြာချက်အမှတ် (၆/၂၀၁၁) ဖြင့် ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကို ဖျက်သိမ်းခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်ခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များတွင် ရွေးချယ်တာဝန်ပေးခံရသည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာပုဂ္ဂိုလ်များထံတွင် အာဏာအပ်နှင်းခဲ့ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းများသည် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ရုံး၊ အစိုးရအဖွဲ့တို့၌ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ယင်းအစိုးရအဖွဲ့၏ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ယူဆောင်ရွက်ရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးယန္တရားတွင် အစိုးရအဖွဲ့အတွင်းရေးမှူးသည် ပြည်ထဲရေးဝန်ကြီးဌာနကို တိုက်ရိုက်တာဝန်ခံရသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးချုပ်ကိုလည်း အစီရင်ခံရသူဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဘတ်ဂျက်နှင့် ငွေစာရင်းစီမံခန့်ခွဲမှုတွင် အဓိကပါဝင်ခဲ့ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခုရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများသည်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးရုံးများတွင် ဆက်လက်၍ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထို့ပြင် ဖျက်သိမ်းခဲ့သော ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းတာဝန်များကို ခရိုင်အုပ်ချုပ်ရေးမှူးမှ တာဝန်ထမ်းဆောင်ပြီး

---

Asia Foundation၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်)

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းတာဝန်များကို မြို့နယ်အုပ်ချုပ်ရေးမှူးမှ တာဝန်ထမ်းဆောင်ခဲ့ပါသည်။[7] အထွေထွေအုပ်ချုပ်ရေးသည် ခရိုင်နှင့် မြို့နယ်အဆင့်များတွင် အုပ်ချုပ်မှုအာဏာများကို ထိန်းသိမ်းထားပြီး ၂၀၁၂ ခုနှစ် နှောင်းပိုင်းကာလမှစ၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ်များကို ပြည်သူမှတိုက်ရိုက်ရွေးချယ် တင်မြှောက်ခဲ့ပါသည်။[8] ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာများအပေါ် ယုံကြည်အားကိုးမှုတိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၊ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများပြုနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ပြည်သူ့ဝန်ဆောင်မှုရုံးများ (One Stop Shop–OSS) ရုံးများကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။[9]

(ခ) **၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လထိ။** နိုင်ငံတော်သမ္မတသည်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၇) နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနလက်အောက်သို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် လွှဲပြောင်းဖွဲ့စည်းခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသည် ယခုအစိုးရသစ်လက်ထက်တွင် အသစ်ဖွဲ့စည်းခဲ့သည့်

[7] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ https://tinyurl.com/zrg63xt မှကောက်နုတ်ထားပါသည်။
[8] ကြည်ပြာချစ်စောနှင့် မက်သယူးအာနိုးလ်၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်သက်၍ လေ့လာတင်ပြချက်၊ ၂၀၁၅ ခုနှစ်၊ မတ်လထုတ်ဆွေးနွေးချက်စာတမ်းအမှတ်-၆ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်)
[9] ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ https://tinyurl.com/y8v5aqlb မှကောက်နုတ်ထားပါသည်။

ဝန်ကြီးဌာနတစ်ခုဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးမူဘောင်ကို MSDP (၂၀၁၈–၂၀၃၀) မဟာဗျူဟာများနှင့် ချိတ်ဆက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူ ဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို "ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်က" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြောင်းလဲလုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့ပြောင်းလဲရာတွင် ပြည်သူနှင့်အတူ "Together with the People" ဟူသော "ပြည်သူကို ဗဟိုပြုသည့် ကောင်းမွန်သောအုပ်ချုပ်ရေးယန္တရားတည်ဆောက်ရေး" ဟူသည့် ဌာန၏မျှော်မှန်းချက်များသတ်မှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ အပြောင်းအလဲများကြောင့် အုပ်ချုပ်ရေးယန္တရားများ ချို့ယွင်းမည်ကို စိုးရိမ်မှုများရှိနေခဲ့သော်လည်း တည်ငြိမ်မှုကို မထိခိုက်စေဘဲ ဆောင်ရွက်နိုင်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုတစ်ခုဖြစ်ခဲ့ပါသည်။ ပြောင်းလဲဖွဲ့စည်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိနိုင်ငံတော်မှ ဦးတည်လျှောက်လှမ်းနေသည့် နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် အုပ်ချုပ်ရေးယန္တရားကို တည်ဆောက်ရန်နှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) ဖြစ်ပေါ်လာရန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အတူ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးအတွက် အစိုးရယန္တရားအချို့ ပြုပြင်ပြောင်းလဲရေးနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကိုရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကိုအခြေခံ၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင် ပြည်သူလူထုနှင့် နီးစပ်မှုရှိစေရေးအတွက် အောက်ခြေမှစ၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။[10] အုပ်ချုပ်မှုယန္တရားတွင်လည်း အုပ်ချုပ်မှုစနစ် မှုတမှန်ကန်

[10] ၂၀၁၈ ခုနှစ်၊ ဧပြီလ၊ နိုင်ငံတော်သမ္မတ၏ မြန်မာရိုးရာနှစ်သစ်ကူးမိန့်ခွန်းမှ ရရှိပါသည်။

စေရန်၊ ချောမွေ့စေရန်၊ အဂတိလိုက်စားမှုမရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် အတွက်မူဝါဒများ၊ လမ်းညွှန်ချက်များချမှတ်၍ အလေးထားဆောင်ရွက်လျက်ရှိ ပါသည်။

**လက်ရှိအစိုးရလက်ထက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၇။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၎င်းတာဝန်ယူဆောင်ရွက်ရသော ပင်မလုပ်ငန်းများအပြင် အစိုးရအဖွဲ့မှ ပေးအပ်သောလုပ်ငန်းတာဝန်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှပေးအပ်သော လုပ်ငန်းတာဝန်များ၊ အခြားသောဝန်ကြီးဌာနများမှ ပေးအပ်သောလုပ်ငန်းတာဝန်များနှင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသောတာဝန်များကို တာဝန်ယူဆောင်ရွက်ရပါသည်။ ယခုလက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပင်မလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေယာစီမံခန့်ခွဲရေးလုပ်ငန်း၊

(ခ) ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်း၊

(ဂ) အခွန်(၄) မျိုးကောက်ခံခြင်းလုပ်ငန်း၊ (ယစ်မျိုးခွန်၊ မြေခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန်)

(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊

(င) မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာလုပ်ငန်း၊

(စ) အသင်းအဖွဲ့များ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ပြုရေးလုပ်ငန်း၊

(ဆ) ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များချီးမြှင့်ရေးဆိုင်ရာလုပ်ငန်း၊

(ဇ) မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးလုပ်ငန်းနှင့်

(ဈ) မြို့၊ ရပ်ကွက်/ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းရေးလုပ်ငန်း တို့ဖြစ်ပါသည်။[11]

၈။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် လက်ရှိအစိုးရသစ်လက်ထက်တွင် အဓိကလုပ်ငန်းတာဝန်များအပြင် တစ်ဖက်ပါလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါသည်-

[11] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ https://tinyurl.com/zrg63xt မှကောက်နုတ်ထားပါသည်။

(က) ပြည်သူများပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာနေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထားအဖြစ် မြေလွဲကိစ္စရပ်အမှုများနှင့် မြေငှားဂရန်များကို မြေယာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ ထုတ်ပေးနိုင်ခဲ့ခြင်း၊

(ခ) အခွန်လွတ်သာသနာ့ဂရန်များ၊ ဗုဒ္ဓသိမ်များဆောင်ရွက်ပေးနိုင်ခြင်း၊

(ဂ) အခွန် (၄) မျိုးကို လျာထားချက်ပြည့်မီအောင်ကောက်ခံနိုင်ခြင်း၊

(ဃ) ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်ထားရှိပြီး ဌာနပေါင်း (၂၇) ခုဖြင့် Mobile Service Delivery အပါအဝင် ဝန်ဆောင်မှုအမျိုးအစား (၁၅၆) မျိုးကို ဆောင်ရွက် ပေးခြင်း၊

(င) လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟို ကော်မတီကိုဖွဲ့စည်းခဲ့ပြီး မြေသိမ်းဆည်းမှုပြဿနာများကို လျင်မြန်စွာဖြေရှင်း ဆောင်ရွက်ပေးခြင်း၊

(စ) ယစ်မျိုးစီမံခန့်ခွဲမှုစနစ်တကျဖြစ်စေရေး ရည်မှန်းချက်နှင့်အညီ ယစ်မျိုးလိုင်စင် များထုတ်ပေးခြင်း၊ ယစ်မျိုးခွန်လိုင်စင်များ တိုးမြှင့်ကောက်ခံရေးအတွက် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်များ**

၉။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ရာတွင် နိုင်ငံတော် အစိုးရ၏ ၂၀၁၆–၂၀၁၉ ခုနှစ်အတွင်း ချမှတ်ထားသည့် ရည်မှန်းချက် (၄) ရပ် နှင့်အညီ ပြည်သူ့ အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ ရည်မှန်းချက် (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊

(ခ) နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ရေး၊

(ဂ) ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရေး၊

(ဃ) ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးလုပ်ငန်းများဆောင်ရွက်ရေးတို့ ဖြစ်ပါသည်။

## အထွေထွေအုပ်ချုပ်ရေးပြောင်းလဲမှုကြောင့် အကျိုးသက်ရောက်မှုများ

၁၀။ အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကြောင့် အောက်ပါအကျိုးကျေးဇူးများရရှိနိုင်ပါသည်-

(က) ဗဟိုချုပ်ကိုင်မှုလျော့ကျလာနိုင်ခြင်း၊

(ခ) အစိုးရသည် ဒေသန္တရအစိုးရအဖွဲ့ဝန်ကြီးချုပ်များ၏ မူဝါဒများ၊ သဘောထားများနှင့် လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက်အောင်မြင်စွာဖော်ဆောင်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပိုမိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လာနိုင်ခြင်း၊

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ရာတွင် သမ္မတနှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခွင့်ရရှိခြင်း၊

(ဃ) ဒေသန္တရအစိုးရများ၏ လိုအပ်ချက်များကို ပိုမိုသိရှိဆောင်ရွက်နိုင်ခြင်း၊

(င) အနာဂတ်တွင် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရာ၌ အထောက်အကူဖြစ်စေခြင်း၊

(စ) ပြည်သူလူထုနှင့် ပိုမိုနီးကပ်စွာထိတွေ့ဆက်ဆံမှုရှိစေခြင်း၊

(ဆ) တာဝန်ယူ၊ တာဝန်ခံမှုရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။[12]

## စိန်ခေါ်မှုများ

၁၁။ ယခုကာလတွင် အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်ပြုပြင်ပြောင်းလဲလျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် အောက်ပါ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်-

(က) ပြည်သူလူထုနှင့် ပိုမိုနီးစပ်စွာထိတွေ့ဆက်ဆံနိုင်မှု၊

(ခ) လွှတ်တော်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးလုပ်ငန်းတွင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ထိရောက်အကျိုးရှိမှုကို အကဲဖြတ်ရန်လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ ပြည့်စုံစွာရရှိနိုင်မှု၊

[12] Eleven news၊ ဝန်ကြီးဌာန အပြောင်းအလဲမှာ ထွေအုပ် အလုပ်ဖြစ်မှာလား၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ဖ ရက် https://news-eleven.com/article/68377 မှ ရရှိပါသည်။

(ဂ) ပြည်သူ့ရေးရာကဏ္ဍတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားခြင်းနှင့်

(ဃ) ပြည်တွင်းပြည်ပ ပဋိပက္ခများနှင့် ပြည်တွင်းလုံခြုံရေးအခြေအနေအား ဒီမိုကရေစီနည်းကျသော အုပ်ချုပ်ရေးပုံစံနှင့်အညီ ပြောင်းလဲတာဝန်ယူခြင်း စသည်တို့ဖြစ်ပါသည်။[13]

**COVID-19 ကပ်ရောဂါထိန်းချုပ်ရာတွင် အထွေထွေအုပ်ချုပ်ရေး၏အခန်းကဏ္ဍ**

၁၂။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ မြို့အဆင့်ဆင့် အထိလက်လှမ်းမီသော အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ အတွင်းရေးမှူး အဖြစ်တာဝန်ယူ၍ ပြည်သူ့အကျိုးပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပါအဝင် ကဏ္ဍစုံတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၃။ ယခုလက်ရှိ ကမ္ဘာအနှံ့တွင် ကူးစက်ပြန့်ပွားလျက်ရှိသော COVID-19 ရောဂါနှင့်စပ်လျဉ်း၍ COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အဖွဲ့ဝင်အဖြစ်ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်ဆင့်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၊ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းများ၊ အခြေခံလူတန်းစားအိမ်ထောင်စုများ အတွက် ထောက်ပံ့ခြင်းလုပ်ငန်းများ၊ ပြည်ပမှပြန်လည်ဝင်ရောက်လာသူများကို စိစစ်လက်ခံခြင်းနှင့်

[13] ဒေးဗစ်ဟုခ်၊ တင်မောင်သန်းနှင့် ကင်(မ်)နင်၊ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးအယူအဆအား နားလည်သဘောပေါက်ကြပုံ၊ The Asia Foundation၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်)

သက်ဆိုင်ရာဒေသများသို့ ပို့ဆောင်ခြင်းလုပ်ငန်းများအပါအဝင် အခြားသောလုပ်ငန်းကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။[14]

**နိဂုံး**

၁၄။ ပြည်သူလူထုသည် အုပ်ချုပ်ရေးယန္တရားအဆက်ဆက်တွင် အုပ်ချုပ်သူများ၏ အလိုအတိုင်း လိုက်ပါဖော်ဆောင်ခဲ့ရသောကြောင့် အစိုးရကို အာဏာပိုင်အဖွဲ့အစည်း၊ အုပ်ချုပ်သူလူတန်းစားဟူ၍ အမြင်များရှိခဲ့ပါသည်။ ယနေ့ခေတ်တွင်မူ အုပ်ချုပ်သူအဖြစ် တာဝန်ယူရသူများသည် ပြည်သူလူထု၏ လိုအပ်ချက်များကိုထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ပိုမိုတာဝန်ရှိပါသည်။ မြန်မာနိုင်ငံတွင် အုပ်ချုပ်ခဲ့သောအစိုးရ အဆက်ဆက်တို့သည် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍအသီးသီးတွင် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုဖြစ်စေရန်အတွက် အထွေထွေအုပ်ချုပ်ရေးကဏ္ဍတွင် အပြောင်းအလဲ များစွာကိုဆောင်ရွက်ခဲ့ကြရပါသည်။ အဓိကအရေးကြီးသည်မှာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (Decentralization) နှင့်အတူ ဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity Development) မြင့်မားနေမှသာ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) ပီပီပြင်ပြင်ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူနှင့်အတူ “Together with the People” ဟူသည့်ရည်မှန်းချက်သို့လည်း အောင်မြင်စွာရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ပြုစုရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်အိရွှေစင် (အကြီးတန်းစာရေး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

---

[14] ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ် တာကာလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၊ https://www.mougo.gov.mm/press/ မှကောက်နုတ်ထားပါသည်။

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအားရင်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည်စာတမ်းတိုများတွင်ပါဝင်သောအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅